Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၇၅) နေ့စွဲ။ ၇.၁၁.၁၅ (စနေနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၇.၁၁.၁၅ | 7 Day Daily No (909) p (1,2) | ဦးသိန်းစိန် | **ရွေးကောက်ပွဲရလဒ်ကို အစိုးရနှင့် တပ်မတော် လေးစားလိုက်နာမည်ဟု သမ္မတ ဦးသိန်းစိန်ပြော**<br>ရွေးကောက်ပွဲမှ ထွက်ရှိလာမည့် ရလဒ်ကို မိမိတို့ အစိုးရနှင့် တပ်မတော်က လေးစားလိုက်နာမည်ဖြစ်ပြီး ရွေးကောက်ပွဲရလဒ်မှတစ်ဆင့် ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့ကို မိမိအနေဖြင့် လက်ခံမည်ဖြစ်ကြောင်း နိုဝင်ဘာ ၈ ရက် ည ၈ နာရီ သတင်းအစီအစဉ်အပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကပြောသည်။ ရွေးကောက်ပွဲတွင်ထွက်ပေါ်လာမည့် ရလဒ်များအပေါ် လေးစားလိုက်နာမှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိနေသည်ကို ၎င်းအနေဖြင့် သိရှိကြောင်းနှင့် ရွေးကောက်ပွဲရလဒ်နှင့်အညီ နိုင်ငံရေးအခင်းအကျင်းအသစ်ကိုအတူလက်တွဲဆောင်ရွက်သွားမည်ဟုဆိုသည်။ မိန့်ခွန်းတွင် မဲဆွယ်ကာလအတွင်း ပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ပြည်သူများက ငြိမ်းငြိမ်းချမ်းချမ်းဆောင်ရွက်ခဲ့မှု၊ တပ်မတော်သားများ၊ ဝန်ထမ်းများကို လွတ်လပ်စွာ မဲပေးခွင့်ရရေး ဆောင်ရွက်ထားမှု၊ လေ့လာခွင့်ပြုထားမှု စသည့်ကိစ္စရပ်များကို ထည့်သွင်းပြောကြားခဲ့သည်။ သတင်းအဖွဲ့ |
| ၂ | ၇.၁၁.၁၅ | 7 Day Daily No (909) p (7) | ဦးသိန်းစိန် | **သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ်တွင် မဲပေးမည်**<br>ရွေးကောက်ပွဲတွင် လက်ရှိ သမ္မတဦးသိန်းစိန်နှင့် သူ၏ မိသားစုများသည် ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက် အမှတ် (၅) အထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားမည့် မဲရုံတွင် မဲပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သမ္မတ ဦးသိန်းစိန် မဲပေးမည့် ဇမ္ဗူသီရိ မြို့နယ်သည် ၎င်းကိုယ်တိုင် အဆိုပြု တင်ပြထားသည့် ဆက်သွယ်ရေးဝန်ကြီးဟောင်း ဦးမြတ်ဟိန်းယှဉ်ပြိုင်မည့် မဲဆန္ဒနယ်တစ်ခုဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေတွင် မဲပေးရမည့် သူအားလုံးသည်ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ခုအတွက်သာ မဲပေးရမည်ဖြစ်သည်။ ဇမ္ဗူသီရိ မြို့နယ်တွင်NLDကိုယ်စားလှယ်လောင်းဦးဖြိုးဇေယျာသော်၊ ပြည်ခိုင်ဖြိုးမှ ဦးမြတ်ဟိန်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီမှ ဦးကျော်အေး တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပိုင်စိုးသူ |

| | | | | |
|---|---|---|---|---|
| ၃ | ၇.၁၁.၁၅ | ပြည်မြန်မာ အတွဲ(၃) အမှတ် (၄၃) Pg (2)<br><br>The Voice Weekly Vol.11 No.42 Pg (1, 3) | ဒေါ်အောင်ဆန်း စုကြည် | **သမ္မတအထက်တွင်ရှိမည်ဆိုသည့် စကားကြောင့် ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန်ပညာရှင် ဝေဖန်**<br>လာမည့် ရွေးကောက်ပွဲတွင် NLD အနိုင်ရ၍ အစိုးရဖွဲ့နိုင်မည်ဆိုပါက ယင်းအစိုးရအဖွဲ့ကို ဦးဆောင်မည့် သမ္မတ၏အထက်တွင်နေမည်ဟု နိုဝင်ဘာ ၅ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဒေါ်အောင်ဆန်းစုကြည်၏ ပြောဆိုချက်မှာ ပြောကြားလိုက်ခြင်းမှာ တရားဥပဒေစိုးမိုးရေးအယူအဆမှ သွေဖည်သွားရာရောက်သည်ဟု မြန်မာ့အရေးသုံးသပ်သူ အမေရိကန် ပါမောက္ခ David Steinbergက သုံးသပ်ပြောကြားလိုက်သည်ဟု VOA သတင်းဌာနက ဖော်ပြသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ယင်းသို့ ပြောဆိုလိုက်ခြင်းမှာ တရားဥပဒေစိုးမိုးရေးကို တစ်စိုက်မတ်မတ် ပြောဆိုလာခဲ့သော သူမ၏အယူအဆကို သွေဖည်သွားရာရောက်ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ ဖွဲ့စည်းပုံအခြေခံဥပဒေအထက်တွင် ရှိနေ၍မရကြောင်း ပါမောက္ခက Steinberg က ပြောသည်။ နိုင်ငံရေးလေ့လာသူ ဒေါက်တာရန်မျိုးသိမ်းက ဒေါ်အောင်ဆန်းစုကြည်၏ ပြောဆိုချက်မှာ လွတ်လပ်တရားမျှတသောရွေးကောက်ပွဲများမှနေ၍ NLD အများစုအနိုင်ရကာ အစိုးရဖွဲ့နိုင်လျှင် ထိုအစိုးရနှင့် အစိုးရကို ဦးဆောင်မည့် သမ္မတ၏ နောက်ကွယ်မှနေ၍ မားမားမတ်မတ် ရပ်တည်သွားမည်ဆိုသည့်သဘောသာဖြစ်သည်ဟု မှတ်ချက်ပြုပြောကြားသည်။ |
| ၄ | ၇.၁၁.၁၅ | Daily Eleven Pg (3) | Election | **သမ္မတဦးသိန်းစိန်၏ ပြည်တွင်းခရီးစဉ်သည် ပါတီစည်းရုံးရေးလုပ်ငန်းမဟုတ်ကြောင်းနှင့် အစိုးရခရီးစဉ်သာဖြစ်ကြောင်း NLD ၏တိုင်ကြားစာအပေါ် ကော်မရှင်အကြောင်းပြန်**<br>နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပြည်တွင်းခရီးစဉ်သည် ပါတီစည်းရုံးရေးလုပ်ငန်းမဟုတ်ကြောင်းနှင့် အစိုးရခရီးစဉ်သာဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တိုင်ကြားစာအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၅ ရက်နေ့က အကြောင်းပြန်ခဲ့သည်။ ရွေးကောက်ပွဲ မဲဆွယ်ကာလခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ပြည်တွင်းခရီးစဉ်များ၌ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းများတွေ့ရှိရကြောင်း ခရီးစဉ်အချို့အားဖော်ပြ၍ ကော်မရှင်သို့ NLD နိုဝင်ဘာ ၂ ရက်နေ့က တိုင်ကြားစာပေးပို့ခဲ့ခြင်းဖြစ်သည်။ ကော်မရှင်၏ အကြောင်းပြန်ကြားစာ၌ သမ္မတ၏ ခရီးစဉ်သည် ပါတီစည်းရုံးရေးလုပ်ငန်းမဟုတ်ကြောင်း ထင်ရှားစွာတွေ့ရကြောင်း၊ သမ္မတသည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား သွားရောက်ဆွေးနွေးဆောင်ရွက်သည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ပေါ်ပေါက်ခဲ့သော ဒေသရှိပြည်သူလူထုထံသို့ သွားရောက်ခဲ့ပြီးကယ်ဆယ်ရေး၊ |

| | | | | |
|---|---|---|---|---|
| | | | | ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ပေးမှုအပေါ် တိုးတက်မှုရှိ၊ မရှိ ပြန်လည်စစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ကြောင်းလေ့လာတွေ့ရှိရသည်ဟု ဖော်ပြထားသည်။<br>ကျော်ဇင်ဝင်း |
| ၅ | ၇.၁၁.၁၅ | Daily Eleven<br>Pg (7) | Election | **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် ရောက်ရှိနေသည့် ကာတာစင်တာတာဝန်ရှိသူများနှင့် တွေ့ဆုံ**<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် ရောက်ရှိသည့် ပြည်ပအဖွဲ့အစည်းတစ်ခုဖြစ်သောကာတာစင်တာ (The Carter Center) မှ Mr. Jason Carter၊ အိုင်ယာလန် သမ္မတဟောင်း Ms. Mary Robison ခေါင်းဆောင်သော ရွေးကောက်ပွဲ လေ့လာရေးအဖွဲ့တို့နိုဝင်ဘာ၆ရက်နေ့ကနေပြည်တော်၌ တွေ့ဆုံဆွေးနွေးမှုများပြု လုပ်ခဲ့သည်ဟုသိရသည်။ တွေ့ဆုံပွဲတွင် ဦးတင်အေးက ကာတာစင်တာ၏ ဂုဏ်သိက္ခာ သမာဓိရှိမှုကိုယုံကြည်၍ လည်းကောင်း၊ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြစ်၊ မဖြစ်ကို ဘက်လိုက်မှု မရှိဘဲ သိက္ခာရှိရှိထုတ်ပြန် ပေးနိုင်ရန်နှင့် နောင်ရွေးကောက် ပွဲများအတွက် ကောင်းသောအကြံဉာဏ်များရရှိလို၍ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲအားဥပဒေနှင့်အညီတိုင်းတာဆုံးဖြတ်ရန်လိုကြောင်း ၊ဥပဒေနှင့်ညီညွတ်မှုရှိပါကအလေးထားမည်ဖြစ်ပြီး နိုင်ငံတကာစံနှုန်းများဖြင့် တိုင်းတာမှုကို မှတ်သား၍ လက်ခံနိုင်ပါကမြန်မာမှုပြုကာနောင်ရွေးကောက်ပွဲများအတွက်အသုံးပြုသွားမည်ဖြစ်သည်ဟု ပြော ကြားခဲ့သည်။ |
| ၆ | ၇.၁၁.၁၅ | Daily Eleven<br>Pg (25) | Election | **မကွေးမြို့နယ်အတွင်း မဲပေးခွင့်ရှိသူနှင့် မဲရုံအချိုးအစား မညီမျှမှုများရှိနေပြီး မဲဆန္ဒရှင်လက်မှတ်များ ထုတ်ပေးရာတွင် လက်မှတ်အပိုများ ပါရှိနေ**<br>မကွေးမြို့နယ် အတွင်းမဲပေးခွင့်ရှိသူနှင့် မဲရုံအချိုးအစား မညီမျှမှုများရှိနေပြီး မဲဆန္ဒရှင်လက်မှတ်များ ထုတ်ပေးရာတွင် မဲလက်မှတ်အပိုများ ပါရှိနေခြင်း၊ မဲလက်မှတ်မပါရှိခြင်းနှင့် မဲလက်မှတ်ထုတ်ပေးရန် ကော်မရှင်ဝန်ထမ်း မလုံလောက်မှုကြောင့်ပြည်သူများကိုယ်တိုင်မဲလက်မှတ်ရှာဖွေယူရခြင်းများ ဖြစ်ပေါ်ခဲ့သည်ဟု ဒေသခံများမှ သိရသည်။ ကျေးရွာအချို့နှင့် သိင်္ဂါဂီရိရပ်ကွက် မဲရုံများတွင် မဲရုံများတွင် ဆန္ဒမဲပေးမည့်လူဦးရေများလွန်းနေမှုကြောင့် ရွေးကောက်ပွဲနေ့တွင် မဲပေးရန် အချိန်မလုံလောက်မှုများဖြစ်ပေါ်မည်ကို ဒေသခံများက စိုးရိမ်နေကြသည်။ |

| | | | | |
|---|---|---|---|---|
| ၇ | ၇.၁၁.၁၅ | Daily Eleven<br>Pg (16, 17) | Election | **ကြိုတင်မဲနှင့် ပတ်သက်၍ အတင်းအကျပ်ကောက်ခံမှုများ၊ မဲမသမာမှုများ နိုင်ငံတွင်း နေရာအနှံ့တွင် အကြီးအကျယ်ဖြစ်ပွားနေ**<br>လာမည့် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရမည်ဟု သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးမှ ပြောဆိုထားသော်လည်းကြိုတင်မဲနှင့်ပတ်သက်၍ အတင်းအကျပ်ကောက်ခံမှုများ၊ မဲမသာမှုများ နိုင်ငံအတွင်း နေရာအနှံ့အပြားတွင် အကြီးအကျယ်ဖြစ်ပွားနေသည်ဟု သိရသည်။ ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ် ၁၀/ တောင်ရပ်ကွက် စည်ပင်သာယာဝင်းအတွင်းရှိစည်ပင်လုပ်သားများထံမှ စည်ပင်အရာရှိအချို့ နိုဝင်ဘာ ၆ ရက်တွင် ကြိုတင်မဲများကောက်ခံခဲ့သည့်ဖြစ်စဉ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိယာဉ်ထိန်းတပ်ဖွဲ့စု (၃၄) မှ ရဲအုပ် အောင်ဆန်းလင်းသည် ကြိုတင်မဲနှစ်ခါမေးခဲ့သောကြောင့် ရွေးကောက်ပွဲ ဥပဒေဖြင့် အရေးယူနိုင်ရန် စိစစ်ဆောင်ရွက်နေသည့်ဖြစ်စဉ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ၁၂၅ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတွင် နိုဝင်ဘာ ၅ ရက် ကြိုတင်မဲအား သတ်မှတ်ချိန်ကျော်ပြီး ည ၁၀ နာရီခန့်တွင် မဲပေးခွင့်ပြုခြင်းကို NLD မှ ကန့်ကွက် သောကြောင့် မဲပေးပြီးသူ ၁၃ ဦး မဲများအား ပယ်မဲအဖြစ်သတ် မှတ်ခဲ့သည့်ဖြစ်စဉ်၊ ဟသ်ာတအကျဉ်းထောင်၌ မဲပေးရန်ဆန္ဒရှိသူ ၁၀၀ ရှိသည့်အနက် ၆၁ ဦးသာ ကြိုတင်မဲပေးခွင့်ရခဲ့ပြီး ကျန် ၃၉ ဦးမှာ မဲပေးခွင့်မရခဲ့သည်ဖြစ်စဉ်၊ ရှမ်းပြည်တောင်ပိုင်းလွိုင်လင်ခရိုင်လွိုင်လင်မြို့ ဟိုင်းနန်းကျေးရွာ အုပ်စုတွင် ကြိုတင်မဲများအား ရပ်ကွက် အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ရွာလုံးကျွတ်လိုက်တောင်းခံခြင်းနှင့်ပင်လုံမြို့တွင်လည်း အထက်ညွှန်ကြားချက်အရဟုဆိုကာ လျို့ဝှက်စွာ မဲပေးပိုင်ခွင့်ရှိသော စာအိတ်များပေါ်တွင်မဲဆန္ဒရှင်နာမည်များကို ရေးမှတ်သားသည့် ဖြစ်စဉ်နှင့် သမ္မတရုံးဝန်ကြီး ဦးစိုးမောင် ဝင်ရောက်ယှဉ်ပြိုင်မည့် ရေစကြိုမြို့နယ်တွင် ကြိုတင်မဲ ပြဿနာများ၊ မဲစာရင်းတွင် မပါဝင်ခဲ့သူများ မဲပေးခွင့်ရရေး ရပ်ကျေးဥက္ကဋ္ဌများက ထောက်ခံမှု မပေးသည့်ဖြစ်စဉ်များ အသီးသီး ဖြစ်ပေါ်ခဲ့သည်။ |
| ၈ | ၇.၁၁.၁၅ | ပြည်မြန်မာ<br>အတွဲ(၃)<br>အမှတ် (၄၃)<br>Pg (9) | Election | **ရွေးကောက်ပွဲနှင့် ၂၀၁၆ အစိုးရသစ်ဖွဲ့ပြီးသည်အထိ အနီးကပ်စောင့်ကြည့်မည်ဟု သံရုံး ၁၂ ခုနှင့် ကုလသမဂ္ဂတို့ ပူးတွဲကြေ ညာ**<br>နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၆ အစိုးရသစ်ဖွဲ့ပြီးသည်အထိ မြန်မာနိုင်ငံအား အနီးကပ်စောင့်ကြည့်သွားမည်ဟု သံရုံး ၁၂ ခုနှင့် ကုလသမဂ္ဂတို့က နိုဝင်ဘာ ၆ ရက်နေ့က ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်လိုက်သည်။ ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျပန်၊ နယူးဇီလန်၊ နယ်သာလန်၊ နော်ဝေ၊ ကိုရီးယား၊ ဆွီဒင်၊ ဗြိတိန်နှင့် အမေရိကန် စသည့်နိုင်ငံ ၁၂ ခုနှင့် ကုလသမဂ္ဂတို့၏ ကြေညာ |

| | | | | |
|---|---|---|---|---|
| | | | | ချက်၌ ရွေးကောက်ပွဲအား ကြိုဆိုအားပေးထောက်ခံကြောင်း၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် တည်ငြိမ်မှုရှိကြရန် အားလုံးတန်းတူညီတူဆက်ဆံကြရန်၊ ပြည်သူများအနေဖြင့်လည်း မိမိတို့၏ဆန္ဒကို ထုတ်ဖော်နိုင်ရန်အတွက် မဲရုံများကို အရောက်သွား၍ လွတ်လပ်စွာ မဲပေးကြမည်ဟု မျှော်လင့်ထားကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာပြည်သူများအား ကူညီသွားရန် အခိုင်အမာဆုံးဖြတ်ထားသည့်အတိုင်း ရွေး ကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများအား အနီး ကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြ ထားသည်။ |
| ၉ | ၇.၁၁.၁၅ | 7 Day Daily No (909) p (4) | USDP | **ဒေါ်အောင်ဆန်းစုကြည်၏ လက်မှတ်အတုဖြင့် အမျိုးဘာသာ၊ သာသနာပုတ်ခတ်ထားသည့်စာရွက်များ ဖြန့်ဝေသူ ပြည်ခိုင်ဖြိုး ပါတီဝင် ဆယ်ဦးကို တရားစွဲမည်။**<br>ဒေါ်အောင်ဆန်းစုကြည်၏ လက်မှတ်အတုဖြင့် ရေးထိုး ထားသော စာသားနှင့်ပူးတွဲ၍ ဘာသာရေး၊ လူမျိုးရေးပုတ်ခတ် သည့်စာသားများ ဖြန့်ဝေခဲ့သော ဟိုင်းကြီးကျွန်းမြို့နယ်ခွဲမှ ပြည် ခိုင်ဖြိုးပါတီဝင် ၁၀ ဦးကို တရားစွဲဆိုရန် ရွေးကောက်ပွဲကော်မရှင် (ငပုတောမြို့နယ်) က ခွင့်ပြုလိုက်ကြောင်း NLD အဖွဲ့ချုပ် (ဟိုင်း ကြီးကျွန်းမြို့နယ်ခွဲ) ပြန်ကြားရေးတာဝန်ခံ ဦးအုန်းမြင့်ကပြော သည်။ ယင်းသို့ လူမျိုးရေး၊ ဘာသာရေး ပုတ်ခတ်ထားသည့် စာ သားဖြင့် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ရပ်ကွက်သုံးခုနှင့် ဖောင်ထိုး ကျေးရွာ၊ ကံချိန်၊ ကုန်းတန်းပြင်ကျေးရွာ၊ ငါးပြေမ ကျေးရွာတို့တွင် ဖြန့်ဝေခဲ့ပြီး ဖြန့်ဝေသူမှာ ပြည်ခိုင်ဖြိုးပါတီမှ အဖွဲ့ဝင်များဖြစ် ကြောင်း ဦးအုန်းမြင့်ကပြောသည်။ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲတွင် NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို အမျိုးဖျက်မဟု ပြော ဆိုသော ဆယ်အိမ်မှူးတစ်ဦးကို ပထမဆုံး တရားစွဲဆိုထားပြီး ယခု အမှုသည် ဒုတိယမြောက် တရားစွဲဆိုထားသည့် အမှုဖြစ်သည်။<br>အိဖြူမွန် |
| ၁၀ | ၇.၁၁.၁၅ | 7 Day Daily No (909) p (7) | USDP | **ငှင်းကို ထောက်ခံသူ ၇၀ ခိုင်နှုန်းရှိဟု ဦးဝေလွင်ပြော**<br>ငှင်းကို ထောက်ခံသူ ၇၀ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်း ကြောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပြည်ခိုင်ဖြိုးပါတီ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေလွင်က ပြောသည်။ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ယှဉ်ပြိုင်မည့် ပြည်ခိုင်ဖြိုးပါတီ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးဝေလွင်သည် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် သူ၏ နောက်ဆုံးမဲဆွယ် စည်းရုံးမှုအဖြစ် ယင်းမြို့နယ်တွင်းရှိ ပြည်ခိုင်ဖြိုးရုံးတွင် နံနက် ၈ နာရီခန့်က ပြုလုပ်ခဲ့သည်။ ယင်း |

| | | | | |
|---|---|---|---|---|
| | | | | ဟောပြောပွဲတွင်လုပ်ငန်းစဉ်နှင့် ကတိကဝတ်များ ပြောကြားခဲ့ပြီး လာမည့်ရွေးကောက်ပွဲတွင် ၄င်း အနေဖြင့် ထောက်ခံ မဲ ၇၀ ခန့် ရရှိနိုင်ကြောင်း ခန့်မှန်းပြောကြားခဲ့ သည်။ ပုဗ္ဗသီရိမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာ ၈၈ ခုခန့်ရှိပြီး ရွေးကောက်ပွဲ ယှဉ်ပြိုင်မည့် နေပြည်တော် ကောင်စီ နယ်မြေ ရှစ်ခု ခန့်ရှိပြီး ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ် လောင်းများသည် တပ်မတော်အတွင်း နေထိုင်သည့် တပ်မိသားစု များထံ မဲဆွယ်ခွင့်မရရှိခဲ့ကြောင်း သိရသည်။<br>ပိုင်စိုးသူ |
| ၁၁ | ၇.၁၁.၁၅ | 7 Day Daily No (909) p (2) | NLD | **မဲပေးခွင့်မရခဲ့ပါက ဒေါသအလျောက်မတုံ့ပြန်ဘဲ သက်ဆိုင်ရာကော်မရှင် အသီးသီးအပေါ် ဥပဒေအရဆောင်ရွက်ရန် ဒီချုပ်ပန်ကြားလွှာထုတ်ပြန်**<br>လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းတွင် အမည်စာရင်း မပါဝင်၍ မဲပေးခွင့်မရပါက ဒေါသအလျောက် တုံ့ပြန်ခြင်းမပြုရန် နိုဝင်ဘာ ၆ ရက်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ ဗဟို အလုပ်အမှုဆောင်အဖွဲ့က ပြည်သူလူထုသို့ ပြန်ကြားလွှာထုတ်ပြန်ခဲ့သည်။ မဲပေးခွင့်ဆုံးရှုံးခဲ့ပါက မဲမပေးရသည့် ပြည်သူလူထုအနေဖြင့် မကျေနပ်ချက်ကြောင့် ဒေါသအလျောက် တုံ့ပြန်မည်ကို ကြိုတင်မှန်းဆနေပြီးထိုသို့စိတ်လိုက်မာန်ပါ ပြောဆိုတုံ့ပြန်မှုများသည် ပုဂ္ဂိုလ် အဖွဲ့အစည်းအချို့ကလိုလားသော အနေအထားတစ်ခုဖြစ်သည်ကို သတိပြုရန်လိုပြီး မဲရုံများအနီး ယင်းသို့ ခိုက်ရန်မဖြစ်ပွားအောင် ရှောင်ရှားရန်လိုကြောင်း တိုက်တွန်းထားသည်။<br>မင်းဟိန်းကျော် |
| ၁၂ | ၇.၁၁.၁၅ | 7 Day Daily No (909) p (၆) | ရခိုင် | **တိုင်းရင်းသားများသည် အစိုးရဖွဲ့အစည်းရေး အဓိကလိုအပ်သော အင်အားစု အလိုလိုဖြစ်နေဟု ဒေါက်တာအေးမောင်ပြော**<br>ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ အတိုက်အခံပါတီ ကို နိုင်ငံ့အာဏာမရစေရန် ဖိနှိပ်ထားမှုကြောင့် တိုင်းရင်းသားပါတီများအနေဖြင့် လာမည့် ပြည်ထောင်စုအစိုးရ ဖွဲ့စည်းရေးအတွက် အဓိကလိုအပ်သည့် အင်အားစုအဖြစ် အလိုလိုရောက်ရှိနေကြောင်း ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ ANP နောက်ဆုံးမဲဆွယ် စည်းရုံးဟောပြောပွဲကို နိုဝင်ဘာ ၆ ရက်က သံတွဲမြို့ အံတော်ကွင်းတွင် ပြုလုပ်ခဲ့ပြီး ဒေသခံပြည်သူတစ်ထောင်ခန့် တက်ရောက်ခဲ့သည်။ ဒေါက်တာအေးမောင်က ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံရေး အခင်းအကျင်းကို ပါတီတွင်း အစည်းအဝေးပြုလုပ်ပြီး ထုတ်ပြန်ကာ မည်သည့်ပါတီပုဂ္ဂိုလ်များနှင့် ပူးပေါင်းပြီး ရခိုင်အကျိုးစီးပွားကို ဆောင်ရွက်မည်ဆိုသည်ကို ကြေညာမည်ဖြစ်ကြောင်း ဆိုသည်။<br>အောင်ခိုင် |

| | | | | |
|---|---|---|---|---|
| ၁၃ | ၇.၁၁.၁၅ | 7 Day Daily No (909) p (12) | ငြိမ်းချမ်းရေး | **ခလရ (၅၁၆) က နမ့်စန်မြို့အနီးတွင် နိုဝင်ဘာ ၅ ရက် ညပိုင်းက တပ်လှန့်ပစ်ခတ်**<br>ရှမ်းပြည်တောင်ပိုင်း နမ့်စန်မြို့အနီးတွင် နိုဝင်ဘာ ၅ ရက် ညက ခလရ (၅၁၆) က တပ်လှန့် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း နမ့်စန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနေဇော်နိုင်က ပြောသည်။ အချိန်တစ်နာရီအောင် တပ်အတွင်း ပစ်ခတ်နေခြင်း ဖြစ်ပြီး နမ့်စန်မြို့နှင့် သုံးမိုင်သာကွာဝေးသည်။ ယင်းပစ်ခတ်မှုနှင့် ပတ်သက်ပြီး နမ့်စန်ဒေသခံအချို့ စိုးရိမ်မှုရှိပြီး အကြောင်းသိနေသူ များက စိုးရိမ်ကြောင့်ကြမှုမရှိကြောင်းနှင့် တပ်လှန့်ပစ်ခတ်ခြင်းဖြစ် ကြောင်းပြောသည်။ ၅၁၆ တပ်ရင်းမှ တပ်အတွင်း တပ်လှန့်ပစ် ခတ်ခဲ့ခြင်းကို နိုင်ငံရေးပါတီအချို့က စိုးရိမ်မှုရှိပြီး မိုင်းရှူး၊ မိုင်း နောင်ဒေသများတွင် ဖြစ်ပွားသကဲ့သို့ ရွေးကောက်ပွဲ မကျင်းပနိုင် မည်ကို စိုးရိမ်သည်ဟု ဦးနေဇော်နိုင်က ဆိုသည်။<br>ဥန်ချစ်ငြိမ်း |
| ၁၄ | ၇.၁၁.၁၅ | The Messenger Pg (8) | ငြိမ်းချမ်းရေး | **တိုက်ခိုက်မှုများရပ်ရန် ရှမ်းအဖွဲ့အစည်း (၂၇) ဖွဲ့ ကြေညာချက်ထုတ်**<br>ရှမ်းပြည်နယ်အလယ်ပိုင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် နေအိမ်များအားစွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်နေရသော ပြည်သူများ နေအိမ်သို့ ပြန်နိုင်ရန်အတွက် နေပြည်တော်ရှိ တာဝန်ရှိသူများက တိုက်ခိုက်မှုများအား ရပ်တန့်ပေးရန်အတွက် ရှမ်းလူမျိုးအဖွဲ့အစည်း (၂၇) ဖွဲ့က နိုဝင် ဘာ ၆ ရက်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အောက်တို ဘာ ၆ ရက်နေ့မှ စတင်ဖြစ်ပွားခဲ့သော တိုက်ပွဲများသည် လက်ရှိတွင် တစ်လပြည့်ပြီဖြစ်ကြောင်း၊ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေရသူများမှာ နေရပ်တွင်ကျန်ခဲ့သော သီးနှံများ ရိတ်သိမ်းချိန်ရောက်နေသဖြင့် အမြန်ဆုံးပြန်လိုကြောင်း၊ ယခုအချိန်တွင်မှ သီးနှံများ မဆွတ်ခူးနိုင်ပါက ဝမ်းရေးအတွက် အခက်တွေ့နိုင်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ရှမ်းလူငယ်ကွန်ရက်မှ ဦးစိုင်းဆိုင်မိန်းက ပြောသည်။ SSPP SSA သည် NCA တွင် လက်မှတ်မရေးထိုးထားသော်လည်းပြည်ထောင်စုအဆင့် သဘောတူညီမှုရရှိထားရာ ယခုကဲ့သို့ ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းမှာ နေပြည်တော်အစိုးရက ငြိမ်းချမ်းရေးအား လုံးဝအလိုမရှိသည့်သဘော သက်ရောက်နေသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ |
| ၁၅ | ၇.၁၁.၁၅ | The Voice Daily Vol (3) No (42) p (1,3) | Other | **ပြည်ထောင် စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား ဖမ်းဆီး၊ တရားစွဲဆိုရန် လူ့အခွင့်အရေး အုပ်စုများတောင်းဆို**<br>စစ်ရာဇဝတ်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲ |

| | | | | |
|---|---|---|---|---|
| | | | | ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနာနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုဗိုလ်ချုပ်ကြီး ကိုကိုအား ဖမ်းဆီး၍ တရားစွဲရန် တောင်းဆိုကြောင်း Global Justic Center နှင့် Justic Trust အဖွဲ့အစည်းတို့က နိုဝင်ဘာ ၆ ရက်နေ့က သတင်းထုတ်ပြန်သည်။ ကရင်လူမျိုးများ နေထိုင်သည့် နယ်မြေတွင် ဒေသခံလူမျိုးများ အပေါ် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်စွာတိုက်ခိုက်မှု များကိုအမိန့်ပေး စေခိုင်းသူဒုဗိုလ်ချုပ်ကြီး ကိုအား ဖမ်းဆီးတရားစွဲရန် ရှင်းလင်းသော သက်သေအထောက်အထားများကိုဟားဗတ်တက္ကသိုလ် ဥပဒေကျောင်း၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကွန်ဖရင့်က ၂၀၁၄ ခုနှစ်အတွင်း က ရှာဖွေ တွေ့ရှိထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။<br>ရန်ကုန် |

## ONLINE NEWS

## ELECTION

### စင်္ကာပူ ရောက် မဲဆန္ဒရှင်များ နိုဝင်ဘာ ၈ရက်နေ့ မဲပေးရန် လေယာဉ်စင်းလုံးဖြင့် ချီတက်လာ

7.11.2015

စင်္ကာပူနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ရွေးကောက်ပွဲ၌ မဲပေးရန် Fly to Vote အစီအစဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုဝင်ဘာ ၆ရက် မွန်းလွဲ ၃နာရီ မိနစ် ၂၀ခန့် ရောက်ရှိလာပြီးဖြစ်သည်။ Fly to Vote အဖွဲ့သားများမှာ ခရီးသည် ၁၈၀ ဦးဆန့်သည့် MAI Airbus 8M232 လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လာခြင်းဖြစ်ပြီး အဖွဲ့ဝင် ၁၅၇ ဦး ပါဝင်လာကြောင်း သိရှိရပါ သည်။Fly to Vote အစီအစဉ်ကို ပုံစံ ၁၅ တင်ရန် အခက်အခဲဖြစ် သည့် စင်္ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများကဇူလိုင်၁၄ရက်တွင် စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီးစင်္ကာပူလူမှုအဖွဲ့အစည်း နှင့် ၂၀၁၅ ရွေးကောက်ပွဲအောင်နိုင်ရေးအထောက်အကူပြုအဖွဲ့တို့ စုပေါင်းလုပ်ဆောင်ထားကြောင်း သိရသည်။

Myanmar Airways International shared **Eleven Media Group**'s **post**.
#FlytoVote #MAI #Yangon #Landed

### အစိုးရအကောင်းတွေကို လျစ်လျူရှုပြီး အဆိုးမြင်နေသူများ မိမိကိုယ်ကို ပြုပြင်ပြီးပြောင်းလဲဖို့အချိန်တန်ပြီဟု ဦးဝေလွင်ပြော

6.11.2015

မဲဆွယ် စည်းရုံး ရာ တွင် လက်ရှိ အစိုးရ လုပ်ရပ် အကောင်း များအား လျစ်လျူရှုပြီး မကောင်း သည့်  အရာများ ကိုသာ ပြောဆိုစည်းရုံးပြီး အဆိုးမြင်နေသူများ အနေဖြင့် ယနေ့တွင်ပင် မိမိကိုယ်ကို ပြုပြင်ပြီး ပြောင်းလဲဖို့ရန်  အချိန်တန်နေပြီ ဟု ပုဗ္ဗသီရိမြို့နယ် လူထု တွေ့ဆုံပွဲတွင် ပြည်ခိုင်ဖြိုးမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေလွင်ဟောပြောခဲ့သည်။ နိုဝင်ဘာလ ၆ ရက်နေ့ နေပြည်တော်ကောင်စီနယ်မြေပုဗ္ဗသီရိမြို့နယ်ရှိပြည်ခိုင်ဖြိုးပါတီရုံးလူထုတွေ့ဆုံပွဲသို့ဒေသခံများ

လာရောက်ရန် ကျေးရွာအလိုက် ပြည်ခိုင်ဖြိုးပါတီ ရုံးများမှ မော်တော်ယာဉ် စီစဉ်ပေးခြင်းနှင့် အစားအသောက်ကျွေးမွေးမှုများ အားလုံး စီစဉ်ပေးထားသည်ဟု ဒေသခံများမှ ပြောပါသည်။ Eleven Web TV

**<u>အနုပညာရှင်ထွန်းအိန္ဒြာဗိုလ်က လက်ရှိအစိုးရဟာ ဒီမိုကရေစီနိုင်ငံအဖြစ်အမည်ပြောင်းထားပေမယ့် လုပ်ရပ်တွေက မပြောင်းလဲသေးကြောင်း ပြောကြား။</u>**

6.11.2015

ရောဂတီတိုင်း ငပုတောမြို့နယ်မှာ နိုဝင်ဘာ ၅ ရက်နေ့က ပြုလုပ်သည့် NLD ရွေးကောက် ပွဲအောင်နိုင်ရေး မဲဆွယ်စည်းရုံး ဖျော်ဖြေပွဲတွင် အနုပညာရှင် ထွန်းအိန္ဒြာဗိုလ်မှပြောရာတွင် ဒီမိုကရေစီ နိုင်ငံအဖြစ် နာမည်  ပြောင်း ထားပြီ လုပ်ရပ်များမပြောင်းသေး၊ပြည်သူအားလုံးမှ ပြောင်းလဲချင်နေပြီး နာမည်သာပြောင်းသည်ကိုမလိုချင်၊ထပ်ပြောင်းရန်မလို၊ထပ်ပြောင်းမည်ဆိုလျှင်ကွန်မြူနစ်စနစ်သာကျန်ဟုပြောခြင်းသည် ပြည်သူများပြောင်းချင်သည့် ဆန္ဒအား မျက်ကွယ် ပြုခြင်းဖြစ် ကြောင်း။ထို့ကြောင့်အမှန် တကယ် အပြောင်းအလဲအား ဖော်ဆောင်ပေးနိုင် မည့် အစိုးရတရပ်ကို ရွေးချယ်ဖို့ လိုအပ်သည် ဟု ပြောခဲ့သည်။ NLD ငပုတောမြို့နယ် မဲဆွယ်စည်းရုံးပွဲ သို့ နာမည်ကြီးအနုပညာရှင်များဖြစ်သည့်ထွန်းအိန္ဒြာဗိုလ်၊Rဇာနည်၊ဝိုင်းစုခိုင်သိန်း၊ချစ်သုဝေ၊အဲ့မော်ဦး၊သော်မိုထက်၊ခိုင်ပွင့်နှင့်ဂျူးဂျူးစံတို့ ဖျော်ဖြေခဲ့ကြသည်။ http://burmese.dvb.no/archives/120533

**<u>တောင်ကြီးမြို့နယ်တွင် ကြံ့ခိုင်ရေးနှင့် ပအိုဝ်းပါတီကို ကြိုတင်မဲများ ထည့်ခိုင်းနေ</u>**

7.11.2015

တောင်ကြီးမြို့နယ် ကျေးရွာအုပ်စုအချို့တွင်  ကြိုတင်မဲကောက်ခံနေရာ ပြည်ခိုင်ဖြိုးနှင့် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီကိုသာ အတင်း မဲထည့်ခိုင်းနေသည်ဟု ရွာသားများမှ ပြောပါ သည်။  တောင်ကြီးမြို့ တောင်ဘက်  ထီဖောင်း ကျေးရွာအုပ်စု တွင် ရွာသူကြီးများမှ ရွာသားများအား အိမ်တအိမ်တွင် စုခိုင်းကာ ကြိုတင်မဲ ကောက်ခံစေရာဝင်းတို့ ထည့်စေချင်သည့် အဆိုပါ ပါတီများကို သာ  မဲထည့်ခိုင်းသည်ဟု  ထီဖောင်းအုပ်စု မဲရုံ အမှတ် ၁  ကိုယ်စားလှယ် ဦးမောင်အေးမှ ဒီဗွီဘီသို့ ပြော သည်။  ကြိုတင်မဲထည့် သည့် ညီမီးရွာမှလူ ၁၀၀ ခန့်၊  သရက်ပင်ရွာမှ ၂၀  ကျော်၊ သက်ဆိုင်ရာသူကြီးနှင့် ကျောင်းဆရာ၊ ဆရာမများမှ  ၃ ယောက်ခွဲကာ ကြိုတင်မဲ ကောက်ယူသည်ဟု ဆိုပါသည်။ တောင်ကြီးမြို့နယ်တွင်  ပြည်ထောင်စု ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်၊ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှမ်းပါတီတွေဖြစ်တဲ့ ကျားခေါင်းပါတီနှင့်ကျားဖြူပါတီ စတဲ့ ပါတီ ၆ ပါတီမှကိုယ်စားလှယ်လောင်းများ အရွေးခံကြမည် ဖြစ်ပါသည်။

http://burmese.dvb.no/archives/120798

**<u>ရွာမြေ "အမည်ပေါက်" လုပ်ပေးမည်ဟု လယ်/ဆည်ဝန်ကြီး ဦးမြင့်လှိုင် မဲဆွယ်</u>**

7.11.2015

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း(လယ်/ဆည်) ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်မှ ၄င်းအားမဲပေးလျှင် ရွာမြေ သတ်မှတ်ပေးမည် ဟု ပြောဆိုပြီး လာရောက် မဲဆွယ်လျက်ရှိကြောင်း နေပြည်တော်ကောင်စီ နယ်မြေ  ဒက္ခိဏသီရိမြို့နယ် မှ မဲအဆွယ် ခံရသူများ  ရောဂတီသို့ ပြောသည်။ ဦးမြင့်လှိုင်၏ ပြိုင်ဘက် NLD မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း

ဦးသန့်စင်ထွန်းမှ ဦးမြင့်လှိုင် လုပ်နေသည့် အချက်အလက်များ အားလုံး မှတ်တမ်း ရှိကြောင်း ယခု တရွာတည်းသာမက ရွာမအုပ်စုတွင်လည်း မီတာများတပ် ပေးမည်ဟု ပြောဆို မဲဆွယ်သဖြင့်  ရွေးကောက်ပွဲဥပဒေကို ချိုးဖောက် နေခြင်းဖြစ် သောကြောင့် မလျော်ဩဇာ သုံးကာ မက်လုံးပေး မဲဆွယ်နေကြောင်း။ယင်းကိစ္စနှင့်ပတ်သက်ပြီး UEC ကိုမတိုင်ဖြစ်သေး ဘဲ ရှေ့မှဖြစ်ပျက်ခဲသော အခြားအမှုများ ဖြေရှင်းဆောင်ရွက်ပေးခြင်းလည်း မရှိသေး ဟုပြောသည်။ by မေစစ်ပိုင်

http://burma.irrawaddy.org/election/news/

**MA BA THA**

**(မ.ဘ.သ)မတရားပွဲ ကျောက်ပန်းတောင်းသားများ၏တိုက်ဖျက်မှုကြောင့်ပွဲပျက်**

7.11.2015

သီတင်းကျွတ်လပြည့်ကျော်(၅/၆/၇)ညစဉ်(၃)ညတိုင်တိုင် NLD မဲမပေးရန် ပြည်ခိုင်ဖြိုး မဲထည့်ရန် (မ.ဘ.သ)မဲဆွယ် တရားပွဲနှင့် (မ.ဘ.သ)အခကြေးငွေဖြင့်လော်ဘီလုပ်ပေးရသော ပါတီများအကြောင်း(DVD) အခမဲ့ဖြန့် ဖြူးမှိုင်းတိုက်ပွဲ အား မြို့မတောင်ရပ်ကွက်ရာဇမုနိစာသင်တိုက်တွင် ကျင်းပပြုလုပ်မည်ဟုကျောင်းပိန်းတောင်းမြို့ အနှံ့ဗီနိုင်းများကပ်၍ ကြောငြာခဲ့သည်ဟုသတင်းရရှိပါသည်။ကျောက်ပန်းတောင်းမြို့ သားများမှ (မ.ဘ.သ)ဦးဆောင်သူဦးဝီရသူအား မြို့ထဲ အဝင်မခံဘဲဖွတ်တိုးဝင်လာလျှင်သံပုံးတီး၍မောင်းထုတ်မည်ဟုကြိုတင်စီစဉ်ထားသည်။မ.ဘ.သ အဖွဲ့ မှဖွတ်တိုးပွဲစီစဉ် ရန်ကြိုးစားသော်လည်း ကျောက်ပန်းတောင်းပရဟိတများမှ အသံချဲ့ စက်များ ငှားရမ်းမပေးခြင်း ထိုင်ခုံများ ငှားမရခြင်း စသည့် အခက်အခဲအတားအဆီးများရင်ဆိုင်တွေ့ ကြုံခဲ့ရ သည်။အဆိုပါ  (မ.ဘ.သ)  တရားပွဲကို  ဖိတ်ခေါ်စီစဉ်သည့် ရာဇမုနိစာသင်တိုက်အားကျောက်ပန်းတောင်းသားများမှဆွမ်းသပိတ်မှောက်ခြင်း(မ.ဘ.သ)ကျောင်းကိုမြို့ ထဲအရှိ မခံ ဘဲ  ဖြိုချ ဖျက်စီးပစ် မည် ဟု ကောလဟလ သတင်းများပြန့် နှံ့ လာသောကြောင့် ဖိတ်ခေါ် စီစဉ်သည့် ကျောင်းတိုက် ကိုယ်တိုင် အဆိုပါပွဲကို ဖျက်ပေးကြောင်း မိန့် ကြားခဲ့ရသည်။၏ လင်းရောင်ခြည် Facebook